ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန

# ထိုင်းနိုင်ငံအတွင်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည့် ပြည်တော်ပြန် ထိုင်းရောက်မြန်မာအလုပ်သမားများအနေဖြင့် သိသင့်သိထိုက်သည့်အချက်များနှင့်ပတ်သက်၍ အသိပေးကြေညာချက်

**၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၂)ရက်**

၁။ ပြည်သူ့အစိုးရထံမှ လက်နက်အားကိုးဖြင့် တိုင်းပြည်အာဏာကို မတရားသိမ်းယူခဲ့သည့် အကြမ်းဖက်စစ်ကောင်စီအား တတ်နိုင်သည့်ဘက်မှ နည်းလမ်းပေါင်းစုံဖြင့်ဆန့်ကျင်ပြီး အာဏာရှင် အမြစ်ဖြုတ်ရေး နွေဦးတော်လှန်ရေးတွင် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်နေကြသည့် ထိုင်း နိုင်ငံရောက် မြန်မာအလုပ်သမားများအား ဝန်ကြီးဌာနအနေဖြင့် အထူးပင်ဂုဏ်ယူ ကျေးဇူးတင်ရှိ ပါသည်။

၂။ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် နေရပ်သို့ပြန်လိုကြသည့် ထိုင်းနိုင်ငံရောက် မြန်မာ အလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံ၊ မဲဆောက်ဒေသမှ တဆင့် မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာရာတွင် မြဝတီမြို့ရှိ Quarantine Center များ၌ အောက်ဖော်ပြပါအတိုင်း စစ်ဆေးမှု များပြုလုပ်၍ ဖမ်းဆီးမှုများရှိနေပါသည် -

(က) ပြည်တော်ပြန် မြန်မာအလုပ်သမားများ၏ လက်ကိုင်ဖုန်းများအား စစ်ဆေး၍ တော်လှန်ရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့် မှတ်တမ်းဓာတ်ပုံများ တွေ့ရှိကဖမ်းဆီးခြင်း၊

(ခ) Quarantine Center အတွင်း၌ အကြမ်းဖက်စစ်ကောင်စီမှ တာဝန်ပေးထားသူ များက ယူနီဖောင်းဖြင့်ဖြစ်စေ၊ အရပ်ဝတ်များဖြင့် Volunteer အသွင်ယူ၍ဖြစ်စေ “တောထဲတွင် အဆင်ပြေလားဟု” မေးမြန်းရာ အလုပ်သမားများက နားလည်မှု လွဲ၍ “ပြေပါသည်ဟု” ပြောဆိုခဲ့သည့်အတွက် ဖမ်းဆီးခံရမှုများ ရှိနေခြင်း၊

(ဂ) “စစ်အာဏာသိမ်းထားသဖြင့် စစ်ကောင်စီအားတော်လှန်ရန် PDF ထဲသို့ ဝင်ရောက် ချင်ပါသလား ဝင်ချင်လျှင် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဟု” အယောင်ဆောင် စည်းရုံးသိမ်းသွင်းရာတွင်အလုပ်သမားများက“ဝင်ချင်ပါသည်ဟု” (မိမိတို့၏ခံယူချက် အမှန်အတိုင်း) ပြန်လည်ပြေကြားမှုများကြောင့် ဖမ်းဆီးခံရမှုများ ရှိနေခြင်း၊

၃။ သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ပြည်တော်ပြန် မြန်မာအလုပ်သမားများ အနေဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ မတရား ဖမ်းဆီးခံရမှုများမှ ပါးနပ်စွာရှောင်ရှားနိုင်ရေး အထက်ပါအခြေအနေများကို ကြိုတင်သိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ